# လက်ပံတောင်းတောင်

ကမ္ဘာလောကမှာ
အလှတရားဆိုတာ
လူ့နှလုံးသားရဲ့ ခံစားစရာဆိုပေမယ့်
အဲဒီအလှတရားကြောင့်ပဲ
ဒုက္ခနဲ့ပျက်စီးရရှာတဲ့
အမျိုးကောင်းသားသမီးလို
လက်ပံတောင်းတောင်ရေ
သင့်ဘဝဟာ ကြေးနီကြောင့် မှောင်ခဲ့ရပြီ

လက်ပံတောင်းတောင်
မီးခိုးမှောင်
တောသည်လည်းခြောက်
တောင်လည်းပျောက်
မှောက်မှားချက်က
ချောက်ခြားစရာ
သယံဇာတ သင့်ကျိန်စာ.....။ ။

ဆွေနွယ်ငြိမ်း(နတ်တလင်း)